# ငါ့ရွှေရတု

ဆူးသစ်နီ



# ငါ့ရွှေရတု

အမှတ်အသားတွေကြားက အမှတ်တရတွေဟာ

နှစ်ကာလတွေ၊ အသက်တာတွေ၊ နုပျိုမှုတွေကို

အသုံးချ တိုက်စားပြီးမှသာ ရခဲ့တာမျိုး

အနှစ် ၅၀-ကြာ အရင်းအနှီးအဖြစ်

ငါ့ရွှေရတု မဟာဗျူဟာအသစ်တစ်ခုကို

၅၀-ကျပ်တန် ဘတ်စ်ကားခရီးစဉ်ပေါ်မှာ ရေးဆွဲခဲ့ရ

မသင်၊ မကြား၊ မလုပ်၊ မရှုပ်

မပြော၊ မဆို၊ မပူး၊ မပေါင်း

မစည်း၊ မလုံး၊ မညီ၊ မညာ

ကိုယ့်အိတ်ထဲ ကိုယ်ထည့်

ကိုယ့်အကြောင်းပဲ ကိုယ်ပြော

ကိုယ့်အတွက်ပဲ အရေးတကြီး

ထူတူတူ၊ အူတူတူ၊ အတတ

ဆေးပေးမီးယူအဆင့်တွေနဲ့ပဲ ပြည့်နေတဲ့

ကျပ်မပြည့် ငါးဆယ်တန်အရင်းအမြစ်

ကိုယ့်စကား ကိုယ်ပြောနိုင်သူ ရှာမတွေ့ပေမယ့်

ကိုယ့်လှေ ကိုယ်ထိုးနေတဲ့ သူတွေချည်း

Somebody ဖြစ်နိုင်သူ ရှာမတွေ့ပေမယ့်

လက်ကိုင်ဖုန်းလေးတွေနဲ့ ဓာတ်ပုံတွဲရိုက်ချင်သူတွေချည်း

ဆွေးနွေးပွဲဆို မဆွေးနွေးချင်တော့လောက်အောင်

Agenda မှန်သမျှ ပျက်ရတာ တွေချည်း...

နောက်ထပ် (+) နှစ်ငါးဆယ်မှာ

“ရွှေနိုင်ငံ” ထူထောင်နိုင်မယ့်

အဆင့်မြင့်နိုင်ငံသားတွေ ရဖို့

ရန်ကုန်ပြန်ရောက်ရင်လုပ်စရာ တော်တော်ပါလာတယ်...။

******

# သိက္ခာ

သိမှုတွေထက် လိမ်ညာမှုတွေ ဗွက်ထနေလိုက်တာများ

ဒါအမှန်လိုလို ဟိုဟာအမှန်လိုလို

ငြိမ်ပဲ နေနေရမလို ထလို့ပဲ အော်ဟစ်ရတော့မလို

ပညာဉာဏ်နဲ့လိုက်ပုံကိုက ဖက်ရှင်ကိုကျလို့

အရက်ဝိုင်းမှာ အစ်ဇင်တွေ အားကောင်းနေတုန်း

အကြွေးမပေးလို့ ဖြစ်တဲ့ရန်ပွဲက

ညီအမလည်းမသိ မယားညီအစ်ကိုလည်းမသိ

ဘေဘီလည်းမသိ ဘေးဘီလည်းမသိနဲ့

ဆဲရေးမှုတွေက ငှါနားထဲအတောင့်လိုက် အခန့်သားဝင်

အသပြာတန်ခိုးနဲ့ ပြဿနာတွေ ငြိမ်းကြကြေးဆိုရင်

မီလျံနာ လာကယ်ရင် ရမလား

မေခာ လာကယ်ရင် ရမလား

မေဂျာ လာကယ်ရင် ရမလား၊ မာတာ လာကယ်ရင် ရမလား

လက်ဖြန့်တိုင်း ပေးနေနိုင်ရင်တောင်

အလကား ရယူလိုမှုတွေက ရန်လာထောင်နိုင်သေးရဲ့

အခြေခိုင်ဖို့ လိုသလို ခေါင်လုံဖို့ လိုဆိုသကို…

မူဝါဒတွေ စီမံကိန်းတွေ လမ်းစဉ်တွေ မိုးနတ်မင်းကြီး ချမပေးခင်

ငါတွန်းနေတဲ့ တံခါးတွေ မနက်ဖြန်ပွင့်စေ ….။

******

# မုန်တိုင်း

ဩဇာကြီးတဲ့ နှုတ်ကထွက်တဲ့ စကားလုံးတွေများ
အသံချဲ့စက်ကို တယ်မလိုတယ်
လေတိုက်တိုင်း သစ်ရွက်လှုပ်နေရတာ
ဟိုအသံကြားတိုင်း ထ ထ ကြည့်နေရတာ
အလေ့အကျင့်တွေများလို့ ဒူးတောင်မညောင်းတော့ပါဘူးလေ
ပုံတိုပတ်စတွေနဲ့ စကားတွေ ဖောင်ဖွဲ့နေတာနဲ့ပဲ
လိုရင်းကို ရောက်တယ်လို့ကို မရှိတာ ကြာပေါ့
လွှတ်ခနဲ ပြောလိုက်မိတာနဲ့
ပက်ခနဲ ဖြစ်ဖြစ်နေတတ်တယ်ဆိုတာ
ဗေဒင်ဆရာ လက်ညှိုးထောင်ပြတာနဲ့ သိတယ်
လမ်းပေါ်မှာ မောင်းနေတဲ့ ဦးနှောက်တွေမှာ
အစေ့မရှိ၊ အဆန်ချောင်နေတာ ရာဇဝင်ရှိလို့
ညနေစောင်းတွေမှာ ထိန်းကျောင်းခြင်းကို ရပ်ဖို့ စဲဖို့
ပြီတီတီအတွေးတွေနဲ့ မူးယစ်နေတဲ့ ငါဟာ
အိမ်ခြေယာခြေ မဲ့ပြီဆိုတာနဲ့
လက်ပံပင်ကိုချည်း ခါးနဲ့ချိုင်နေမိတာ
အနောက်ဘက်က တံခါးပျက်တဲ့အထိပါပဲ....။

******